**အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ၏ ကြေညာချက်အမှတ် (၀၁၁/၂၀၂၆)**

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ မေလ ၈ ရက်

**အကောက်ခွန်ကြေညာလွှာတင်သွင်းသူများသိရှိနိုင်ပါရန်**

၁။ ဒီဇယ်ဆီ (HSD-500 PPM) အား သွင်းကုန်ကြေညာလွှာဖွင့်လှစ်၍ တင်သွင်းပါက ကျသင့်အခွန်အရပ်ရပ်နှင့် ဓာတ်မြေသြဇာအား သွင်းကုန်ကြေညာလွှာဖွင့်လှစ်၍ တင်သွင်းပါက ကျသင့်သောကြိုတင်ဝင်ငွေခွန် ၂ % တို့အား ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၄-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ အသိပေးကြေညာခဲ့ပြီး ယခုအခါ ၁-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့အထိ သက်တမ်းတိုးမည်ဖြစ်ကြောင်း ထပ်မံအသိပေး ကြေညာခဲ့ပါသည်။

၂။ ထို့ပြင် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) အား သွင်းကုန်ကြေညာလွှာဖွင့်လှစ်၍ တင်သွင်းပါက အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်များအား ၁-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်းကိုလည်း အသိပေးကြေညာခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ဒီဇယ်ဆီ (HSD-500 PPM)၊ ဓာတ်မြေသြဇာနှင့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) များအတွက် သွင်းကုန်ကြေညာလွှာဖွင့်လှစ်ရာတွင် အောက်ဖော်ပြပါ Exemption Code များကို အသုံးပြု၍ အခွန်ကင်းလွတ်ခွင့်ရယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| | |
|---|---|
| **ဒီဇယ်ဆီ (HSD-500 PPM)** | **- EMFD (CD), EMFS (SGT), EMFT (CT), EMFA (AT)** |
| **သဘာဝဓာတ်ငွေ့ရည် (LNG)** | **- EMFD (CD), EMFT (CT), EMFA (AT)** |
| **ဓာတ်မြေသြဇာ** | **- EMFA (AT)** |

**အကောက်ခွန်ဦးစီးဌာန**